ခဏိကသမာဓိ

ခဏိကစိတ္တေကဂ္ဂတာတိ ခဏမတ္တဋ္ဌိတိကော သမာဓိ၊
သောပိ ဟိ အာရမ္မဏေ နိရန္တရံ ဧကာကာရေန ပဝတ္တမာနော
ပဋိပက္ခေန အနဘိဘူတော အပ္ပိတော ဝိယ စိတ္တံ နိစ္စလံ ဌပေတိ။

ဝိသုဒ္ဓိမဂ်၊မဟာဋီကာ၊ပ၊၃၄၂

ပရမတ္ထတရားကို သိစေနည်း

လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန် တို့ဖြင့် သိစေနိုင်၏

(၁) လက္ခဏ = ပရမတ္ထတရားတို့၏ သဘောလက္ခဏာ
ပရမတ္ထတရားများသည်

(က) သဘာဝလက္ခဏာ = အများနှင့် မဆိုင်သော ကိုယ်ပိုင်အမှတ်အသားလက္ခဏာ
ဖဿသည် အာရုံကို ထိခြင်းလက္ခဏာရှိ၏၊ ဝေဒနာသည် အာရုံကို ခံစားခြင်း၊

(ခ) သာမညလက္ခဏာ = အများနှင့် ဆိုင်သောအမှတ်အသားလက္ခဏာ
အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာ

(၂) ရသ = ပရမတ္ထတရားတို့၏ ပြုလုပ်ခြင်းကိစ္စ၊ ပြည့်စုံခြင်းသမ္ပတ္တိ၊

(က) ကိစ္စရသ = ပရမတ္ထတရားတို့၏ ကိုယ်ပိုင်ပြုမူဆောင်ရွက်ရသောလုပ်ငန်း(ကိစ္စ)
မောဟသည် အာရုံ၏သဘောမှန်ကို ဖုံးကွယ်ခြင်းကိစ္စရှိ၏၊
ဒေါသသည် မိမိဖြစ်ရာမှီရာ ရုပ်နှင့် ဟဒယဝတ္ထုရုပ်တို့ကို လောင်ကျွမ်းစေခြင်းကိစ္စရှိ၏၊

(ခ) သမ္ပတ္တိရသ = အကြောင်းစုံသဖြင့် ဖြစ်ပေါ်လာခြင်း (ပြည့်စုံခြင်း)
မောဟသည် အာရုံကို ထိုးထွင်း၍ မသိခြင်းသမ္ပတ္တိရသရှိ၏
ဒေါသသည် ခြေထုံလက်ထုံ၊ ကိုယ်တုန်ခြင်း၊ မျက်နှာကြမ်းတမ်းလာခြင်းသမ္ပတ္တိရသရှိ၏

(၃) ပစ္စုပဋ္ဌာန် = ကိစ္စရသကြောင့် ဖြစ်ပေါ်လာရသည့် အကျိုးတရား
(ဉာဏ်တွင် ထင်မြင်လာသောသဘောခြင်းရာ)
မောဟ၏ပစ္စုပဋ္ဌာန်သည် အာရုံ၏သဘောမှန်ကို မသိ၍ ကောင်းစွာမကျင့်နိုင်ခြင်း၊ ဖြစ်၏
မောဟကို အမှောင်တရားဟု ဉာဏ်တွင် ထင်မြင်၏
ဒေါသသည် မိမိနှင့် သူတပါးတို့ကို ဖျက်ဆီးတတ်သည့်တရားဟု ဉာဏ်၌ထင်မြင်၏။

(၄) ပဒ္ဌာန် = အနီးကပ်ဆုံး အကြောင်းတရား

အကျိုးတရား တစ်ခုဖြစ်ပေါ်လာရာတွင် အကြောင်း၊ တစ်ခုသာ ဖြစ်သည်မဟုတ်၊
အကြောင်းများစွာရှိ၏

ဝေဒနာ၏ အကြောင်းတရားများ

(က) အာရုံနှင့် တွေ့ဆုံရခြင်း

(ခ) အယောနိသော မနသိကာရ (နှလုံးသွင်း မမှန်ခြင်း)

ထိုနှစ်မျိုးတို့တွင် အာရုံနှင့် တွေ့ကြုံနေစေကာမူ နှလုံးသွင်းကောင်းလျှင်
(ယောနိသော မနသိကာရရှိလျှင်) ဝေဒနာ မဖြစ်၊ ထို့ကြောင့်
အယောနိသော မနသိကာရသည်သာ ဝေဒနာ၏ နီးကပ်သော ပဒ္ဌာန်ဖြစ်၏

ထိုနည်းလေးမျိုးတို့ဖြင့် ပရမတ္ထတရားများကို သိမြင်နိုင်လျှင်
သဘောတရား ထင်ရှားလာပြီး အယူအဆလွဲမှုမှ ကင်းစင်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်၏
ရုပ်နာမ်နှစ်ပါးကို ကွဲကွဲပြားပြား ပိုင်းခြားသိသော ဉာဏ်သည်
နာမရူပပရိစ္ဆေဒဉာဏ် (နာမရူပဝဝတ္ထာနဉာဏ်) (သင်္ခါရပရိစ္ဆေဒဉာဏ်)

# စူဠသောတာပန်

(၁) သီလစသည် ဖြည့်ကျင့်ခြင်း

(၂) ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်ခြင်း

(နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်)

Q: စူဠသောတာပန် ရတဲ့သည် ဘဝတိုင်း မြဲနိုင်ပါလား?

A: ဒုတိယဘဝ၌သာ ကောင်းမြဲ၏၊ တတိယဘဝစသည်၌ကား ကောင်းဖို့မချ ရတော့ပါ။